မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ရက်၊ ၂၀၁၀ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၉၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ကျူးဘားသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကျူးဘားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရာအူးလ် ကတ်စထရို ရဲဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ အန္တရာယ်

ကိုလိုနီနယ်ချဲ့လက်သစ်များသည် တစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ၎င်းတို့၏ ဩဇာခံနိုင်ငံဖြစ်လာအောင် ဖိအားပေး အကျပ်ကိုင်ခြင်း၊ ၎င်းတို့ ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ဖြစ်လာအောင် နည်းမျိုးစုံအသုံးပြုပြီး ချုပ်ချယ်ထိန်းကွပ်ခြင်း နည်းလမ်းတို့ဖြင့် သက်ဆိုင်ရာနိုင်ငံ၏ အချုပ်အခြာအာဏာကို ကျူးကျော်ထိပါးသော ကိုလိုနီနယ်ချဲ့လက်သစ် နည်းစနစ်များကို အသုံးပြုလျက်ရှိကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ-

သာဂရစက်မှုနယ်မြေ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ၊ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှုစက်ရုံဖွင့်ပွဲ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နေပြည်တော် ဒီဇင်ဘာ ၃၁

အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေရှိ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံနှင့် ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှုစက်ရုံ ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့အနီးရှိ အဆိုပါ စက်မှုနယ်မြေ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းများအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ

အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေရှိ ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

1-1 (01).pmd 1 1/1/2010, 5:09 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ ရက်)

တည်ငြိမ်အေးချမ်းခြင်း၊ ပျော်ရွှင်ခြင်းနှင့်အတူ နိုင်ငံတော်သစ်ဆီသို့ လက်တွဲညီညီ လျှောက်လှမ်း ချီတက်ကြပါစို့

၂၀၁၀ခုနှစ်အတွင်း စတင်ဝင်ရောက်သည့် ဇန်နဝါရီ ၁ရက်နေ့၊ ကောင်းမြတ်သောနှစ်ဦးမင်္ဂလာ နေ့ရက်(ယနေ့) အချိန်အခါသမယတွင် ကမ္ဘာ့သူကမ္ဘာ့သားအားလုံး တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ သာယာချမ်းမြေ့ပျော်ရွှင်ခြင်းနှင့် ပြည့်စုံပါစေကြောင်း မြန်မာ့အလင်းက ဆုတောင်း မေတ္တာပြုအပ်ပါသည်။

နှစ်သစ်အခါသမယ ယနေ့မှစ၍ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် စိတ်သစ်၊ လူသစ်ဖြင့် နိုင်ငံ့ကောင်းကျိုးအဖြာဖြာကို ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ထပ်လောင်း ဆန္ဒပြုအပ်ပါသည်။

မြန်မာနိုင်ငံသည် သဘာဝအလှနှင့် ပြည့်စုံနေပြီး ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းနှင့် ရပ်တည်လာခဲ့သည်မှာ သမိုင်းအစဉ် အဆက်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရင်း နိုင်ငံတော်နှင့်လက်တွဲ၍ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများသည် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံလျက် ချစ်ခင်စည်းလုံးစွာ ဥမကွဲသိုက်မပျက် အပြန်အလှန်စာနာ နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုများဖြင့် အတူတကွ ပူးပေါင်းနေထိုင်လျက်ရှိကြသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ခံယူထားရှိပြီး နိုင်ငံတော်သစ်ကြီးကို လက်တွဲညီညီ တည်ဆောက်ကြရမည် ဖြစ်သည်။

ယခုအခါ ပြည်ထောင်စုတစ်ဝန်း တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်းဆက်သွယ်ရေး ကွန်ရက်များအဖြစ် မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ ကားလမ်းမကြီးများကို တိုးမြှင့်တည်ဆောက် ဖောက်လုပ်ပေးလျက်ရှိသည်။ ဒေသတစ်ခုနှင့်တစ်ခု လွယ်ကူစွာ ကူးလူးဆက်သွယ် သွားလာနိုင်ခြင်းဖြင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍအရပ်ရပ်၌ ဖွံ့ဖြိုးတိုးတက်စည်ပင်လာပြီး တိုင်းရင်းသားများအကြား ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးတက် ခိုင်ကျည်လာမည် ဖြစ်သည်။

နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ တိုင်းရင်းသားပြည်သူများ သာယာချမ်းမြေ့သော လူမှုဘဝတွင် လွတ်လပ်ပျော်ရွှင်စွာ နေထိုင်နိုင်ကြသည်ဖြစ်ရာ ရရှိထားသည့်လွတ်လပ်ရေး၏တန်ဖိုး သိရှိနားလည်ကြပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပိုင်ပိုင်နိုင်နိုင် ထိန်းသိမ်း ကာကွယ်ရင်း နှစ်သစ်အခါသမယတွင် လူသစ်စိတ်သစ်ဖြင့် နိုင်ငံတော်သစ်ဆီသို့ တက်ညီလက်ညီ အရောက်လှမ်းကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

တရုတ်၌ A(H1N1) တုပ်ကွေးရောဂါ ကာကွယ်ရေးဆိုင်ရာ စစ်ဆေးမှုစတင်လုပ်ဆောင်

ပေကျင်း ဒီဇင်ဘာ ၃၁

တရုတ်နိုင်ငံအတွင်း ၂၀၁၀ခုနှစ်၌ A(H1N1) တုပ်ကွေးရောဂါကူးစက်မှု ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအတွက် တိကျသေချာသည့် စာရင်းများရရှိနိုင်ရန် အတွက် A(H1N1) တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့ခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ စစ်ဆေးမှုများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

စမ်းသပ်စစ်ဆေး

ပေကျင်း၊ ရှန်ဒေါင်းနှင့် ဟေနန်ပြည်နယ်များအပါအဝင် ပြည်နယ်ကြီး ၁၂ခု၌ ယင်းစစ်ဆေးမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်တစ်ခုစီမှ ဒေသခံ ၄၅၀၀တို့အား စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ယင်းသတင်း၌ ပါရှိသည်။

စမ်းသပ်စစ်ဆေးမှုများကို ၂၀၁၀ခုနှစ်အတွင်း ဇန်နဝါရီမှ ဖေဖော်ဝါရီ၊ မတ်မှ ဧပြီနှင့် ဩဂုတ်မှ စက်တင်ဘာလများအတွင်း၌ သုံးကြိမ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မော်လိုက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ပြတံတားလုပ်ငန်း ဖြစ်သည့် နိဗ္ဗာန်လမ်း သစ်သားတံတားဆောင်ရွက်ထားရှိမှု အခြေအနေကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဟန်မင်းဆွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင့်လွင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ဖိလစ်ပိုင်၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက် တရုတ်နိုင်ငံ ဖြစ်လာနိုင်

မနီလာ ဒီဇင်ဘာ ၃၁

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းများကြောင့် ကုန်သွယ်မှုကဏ္ဍများ ကျဆင်းလျက်ရှိနေသည့်ကြားမှပင် ဖိလစ်ပိုင်၌ တရုတ်ကုန်သွယ်မှုကဏ္ဍသည် ဒုတိယအကြီးဆုံး နိုင်ငံဖြစ်လာနိုင်ကြောင်း ဒီဇင်ဘာ ၂၈ရက်တွင် ၄င်းနိုင်ငံရှိ စာရင်းအင်းရုံးက ထုတ်ဖော်ပြောကြားသည်။

ရောက်ရှိ

ယခုနှစ် ပထမခုနှစ်လအတွင်း၌ ၄င်းနှစ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၀ဒသမ ၄ ဘီလီယံအထိ ရောက်ရှိခဲ့သည်။

တည်ဆောက်သွားမည်

စီးပွားရေးပြန်လည်ဦးမော့လာရေးအတွက် ၂၀၁၀ ခုနှစ်အစတွင် တရုတ်- အာဆီယံနိုင်ငံများအကြား လွတ်လပ်စွာ ကုန်သွယ်မှုဇုန်များ တည်ဆောက်သွားမည်ဖြစ်ကြောင်းကို ဖိလစ်ပိုင်သို့ရောက်ရှိနေသည့် တရုတ်သံအမတ် လူကျန်ချောင်၏ပြောကြားချက်ကို ဆင်ဟွာက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြဝတီရုပ်မြင်သံကြား

၁-၁-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အိုင်စီတီသုတ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ မဟာဂီတ ချိုကြည်မြ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ ရေခဲနေသောကမ္ဘာ(အပိုင်း-၂)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ **ရွှ** ဟာသဇာတ်လမ်းတွဲ တို့ချစ်တဲ့ဆရာလေး မေတ္တာ၊ ပေါ်လေး၊ ချစ်ဖွယ်၊ ကြည်ညိုသွေး
၆:၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၆။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း** (အပိုင်း-၃)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ စိုက်ပျိုးသုတ
၂၂။ ရှင်သန်နေသော သီချင်းများ (Living Songs) တေးရေး ကေအေတီ ဖြစ်စေခဲ့သော အပိုင်း(၁)
၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်ချိန်** တတိယတွဲ (အပိုင်း-၄၂)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၁-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **မာနတရားကိုလေ့လာ သုံးသပ်ခြင်း** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၆:၅၀ တောင်းဆုအမှန် ပြည့်မည်ဧကန် (ကျိုက်ထို မဟာမုနိသွန်းဘုရား)
၇:၀၀ MRTV-4 သတင်း
၇:၄၅ Science Tech Today
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၄၄)
၈:၃၀ Sports World EPL Masters 2009 (Man U Vs Liverpool)
၈:၅၅ **မူဟန်ကိုယ်စီ တေးကိုသီ**
၉:၀၅ Activities in the City [မြန်မာကွန်ဆိုလီဒိတ်တက် မီဒီယာလီမိတက်(၁၀)နှစ်ပြည့် အခမ်းအနား]
၉:၁၅ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
၉:၂၀ Movie Talk (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၀:၂၅ မင်္ဂလာ ပန်းစံပယ်၏ ဒိုင်ယာရီ
၁၀:၅၀ နှစ်(၁၀၀)ပြည့် အကြိုစာအောင် သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲ
၁၁:၀၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာ မိတ်ကပ်ခင်စန်းဝင်းနှင့် ပြည်စိုးအောင်တို့၏ ၂၀၁၀ပွဲတက် ပွဲထွက်ဝတ်စုံများ)
၁၁:၂၀ ကြယ်စင်အလင်းဝေဖြာ နေပြည်တော်စိုးစံမှာ
၁၁:၅၀ ခရီးသွားများ အဆင်ပြေ မန္တလာမေ
၁၂:၀၀ VJ Choice
၁၂:၃၀ မြန်မာစာ မြန်မာစကား
၁၂:၅၀ သီးပွင့်ဝေဆာ ပဒေသာ(ကွဲ့ကော)
၁:၀၀ **မာနတရားကိုလေ့လာ သုံးသပ်ခြင်း** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ World of Knowledge (CYBERLAND)
၃:၄၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၃:၅၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၃:၅၅ **ရှင်နှောင်းကျောင်းရောက်ပြီ** ကြည်စိုး၊ ထူးသာ၊ ချောနဝင်း၊ ယွန်းငုံဖူး၊ (ဒါရိုက်တာ-ဦးခင်ဇော်)
၄:၁၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (Lucky PET)
၄:၄၀ ခရီးသွားများအဆင်ပြေ မန္တလာမေ
၅:၀၀ Activities in the City [မြန်မာကွန်ဆိုလီဒိတ်တက် မီဒီယာလီမိတက်(၁၀)နှစ်ပြည့် အခမ်းအနား]
၅:၁၀ သူတို့ပြောတဲ့သူတို့အကြောင်း **ဖြူဖြူကျော်သိန်းနှင့်တွေ့ဆုံခြင်း (အပိုင်း-၁)**
၅:၃၀ MRTV -4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ လှပသစ်ဆန်း အလှပြင်ခန်း (Siam Spa)
၆:၄၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာ မိတ်ကပ်ခင်စန်းဝင်းနှင့် ပြည်စိုးအောင်တို့၏ ၂၀၁၀ ပွဲတက် ပွဲထွက်ဝတ်စုံများ)
၇:၀၀ အလှဆင်စရာ ပရိဘောဂကမ္ဘာ (မြနန်းပုံပရိဘောဂ)
၇:၁၀ FMF Selection
၇:၃၅ ပုံဖော်ထွင်းထု မြန်မာ့ပန်းပု
၈:၀၀ MRTV-4 သတင်း
၈:၃၀ VJ Choice
၉:၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း **(ဖြူဖြူကျော်သိန်းနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)**
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၄၄)
၁၀:၀၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Lucky PET))
၁၀:၂၀ Science Tech Today
၁၀:၃၅ အလှဆင်စရာ ပရိဘောဂကမ္ဘာ (မြနန်းပုံပရိဘောဂ)
၁၀:၄၅ လှပသစ်ဆန်း အလှပြင်ခန်း (Siam Spa)
၁၁:၀၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၁၅ နှစ် (၁၀၀)ပြည့် အကြိုစာအောင် သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲ
၁၁:၃၀ သဘာဝအလှရတနာ သစ်ခွကမ္ဘာ
၁၁:၄၀ ဆန်းသစ်တီထွင်လာသော မြန်မာ့ ရုပ်သေး အကများ
၁၁:၅၀ သီးပွင့်ဝေဆာပဒေသာ(ကွဲ့ကော)
၁၁:၅၅ စက္ကူလွင့်လွင့် ပန်းယဉ်ယဉ် အလှဆင်စေချင်
၁၂:၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၈ ခုနှစ်အတွက် စာပေဆုချီးမြှင့်ခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

၂၀၀၈ ခုနှစ်အတွက် စာပေဆုချီးမြှင့်ခြင်း ခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များအား ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံ

နေပြည်တော် ဒီဇင်ဘာ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ခြင်းခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များအား ယနေ့ ညနေ ၆နာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေဧည့်သည်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ စာပေပညာရှင်ကြီးများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်စိစစ်ရေးကော်မတီဝင်များ၊ ဆုချီးမြှင့်ခြင်းခံရသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်သက်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၁-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
  - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၅ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၈:၁၀ ၅။ အကပြိုင်ပွဲ
- ၈:၂၅ ၆။ **မင်းမသိသေးပါဘူးကွာ**
- ၈:၄၀ ၇။ International News
- ၈:၄၅ ၈။ ကြေးမုံရိပ်သွင် တေးနယ်ချဲ့
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ Myanmar National League MNL Cup (2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ကမ္ဘောဇ F.C နှင့် ဥဿာယူနိုက်တက် F.C)
- ၄:၅၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
- ၅:၀၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅:၀၅ ၄။ တေးဂီတအစီအစဉ်
- ၅:၁၅ ၅။ မြန်မာစာ မြန်မာစကား
- ၅:၂၅ ၆။ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၃၅ ၇။ ပဋ္ဌာလက်ကျောင်းတော်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၀။ ရသစုံလင် အင်တာနက် ဥယျာဉ်
- ၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၂၆)
- ၇:၄၅ ၁၂။ အချုပ်အခြာ အာဏာ ခွန်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
  - ၁၄။ နိုင်ငံတကာသတင်းများ
  - ၁၅။ မိုးလေဝသအခြေအနေ
  - ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၅)
  - ၁၇။ **သီချင်းချစ်သူ** နန်းဆုရတီစိုး
  - ၁၈။ အစီအစဉ်ပြီး၏။

နှစ်သစ်ကူးညမှာ သာသောလ

ဆစ်ဒနီ ဒီဇင်ဘာ ၃၁

ကမ္ဘာတစ်ဝန်းမှ နိုင်ငံအများအပြားက ၂၀၁၀ခုနှစ်ကို ကြီးကျယ်ခမ်းနားသော အခမ်းအနားများဖြင့် ကြိုဆိုခဲ့ကြသည်။

နှစ်သစ်ကူးအခါသမယတွင် နိုင်ငံအသီးသီးတို့က နှစ်သစ်ကူးအခမ်းအနားများ ကျင်းပရာ၌ မီးကျည်မီးပန်းများ ပစ်ဖောက်လျက်ကြိုဆိုခဲ့ရာ ဩစတြေးလျနိုင်ငံ ဆစ်ဒနီဆိပ်ကမ်းတစ်ခုတည်း၌ပင် မီးကျည်မီးပန်း ယမ်းကီလိုဂရမ် ၅၀၀၀ကျော် ပစ်ဖောက်ခဲ့ကြောင်း သိရသည်။

ရှားရှားပါးပါးလသာ

ယခုနှစ် နှစ်သစ်ကူးပွဲတော်သည် ထူးထူးခြားခြား နှစ်သစ်ကူးပွဲတော်ချိန်ခါပင်ဖြစ်သည်။ နှစ်သစ်ကူးအချိန်အခါကျရောက်ချိန်သည် ရှားရှားပါးပါး လသာနေသည်ကို တွေ့ရသည်။ နှစ်သစ်ကူးချိန်နှင့် လသာချိန်ကိုက်ညီရန် ခဲယဉ်းလှပေသည်။ နောက်တစ်ကြိမ် ၂၀၂၈ ခုနှစ်ရောက်မှသာလျှင် နှစ်သစ်ကူးချိန်နှင့် လပြည့်ည တိုက်ဆိုင်ပေလိမ့်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်တင်ပြခဲ့သည်။

အဆိုပါ လပြည့်ဝန်းကြီးကို အနောက်နိုင်ငံများက ညသန်းခေါင်ယံရောက်မှ မြင်ကြရသည်။ အာရှတိုက်နှင့် ဩစတြေးလျတိုက်တို့မှ လပြည့်ဝန်းကို နှစ်သစ်ကူးမတိုင်မီ တစ်ရက်ကပင်စော၍ လပြည့်ညရောက်ခဲ့သဖြင့် နှစ်သစ်ကူးပွဲတော်များကို စောစီးစွာ ကြိုဆိုကြရသည်။

ကြိုဆို

ထို့ကြောင့် နှစ်သစ်ကူးခြင်းကို တောင်ပစိဖိတ်သမုဒ္ဒရာ၌ ပထမဆုံးကျရောက်ပြီး ဆစ်ဒနီမျှော်စင်မှ မီးကျည်မီးပန်းများ စတင်ပစ်လွှတ်ခဲ့ကြသည်။ ယင်းနှစ်သစ်ကူးလပြည့်ညကို ကမ္ဘာ့နိုင်ငံအများအပြားက နှစ်သစ်ကူးပွဲများဖြင့် သိုက်သိုက်ဝန်းဝန်း ကြိုဆိုခဲ့ကြသည်။

(အင်တာနက်)

The LIVE NEWS ဂျာနယ်အမှတ်(၁၆၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၃၁

ယခုအပတ်ထုတ် The LIVE NEWS ဂျာနယ် အမှတ် (၁၆၂)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ ရာဇဝင်အူပေါက်ဟူသည်၊ မြင်းမူမောင်နိုင်မိုး၏ ကုသိနာရုံသို့ ဓမ္မဝတ်ရည်ကဗျာရှည်၊ ဗိုလ်ကလေးတင့်အောင်၏ ကျော်လွှားဖြတ်သန်းခဲ့ရသော ဆယ်စုနှစ်များ၊ မောင်မြတ်မွန်(ဆူးလေ)၏ ဗဟန်းမြို့နယ်အတွင်းက သမိုင်းဝင် အထပ်ကြီး ရုပ်ပွားတော်များ၊ တက္ကသိုလ်မောင်သုလိုင်၏ ပုဂံမင်းဆက်များရာဇဝင်(၁၃)၊ အောင်လျှမ်းဝေ၏ ရဝမ်းနစ်အန်ကေ၏ နောက်ဆုံးခရီး၊ အောင်ကျော်ဆန်း၏ လေးစားထာဝရ ဂါရဝပြုနီလာရတုသဘင်၊ နီငြိမ်း(အညာတက္ကသိုလ်)၏ အာရှအရှေ့ဖျားမှ တိုးတက်ထွန်းကားကိုရီးယား အပိုင်း(၇)၊ အာရှမိုး၏ ပါကစ္စတန်ဝန်ကြီးများအား နိုင်ငံပြင်ပမထွက်ရ အမိန့်ထုတ်ပြန်၊ ထွဋ္ဌ်ဝင်းထွဋ္ဌ်၏ သမ္မတဘားရက်အိုဘားမားနဲ့ အမေရိကန်သူဌေးကြီး ဝါရင်းဘူဖက်တို့ ညီအစ်ကို သုံးဝမ်းကွဲတော်သတဲ့၊ လူပန်းအိမ်၏ နှစ်ဆယ့်တစ်ရာစု ကမ္ဘာ့ခေါင်းဆောင်များ (၅) အီတလီဝန်ကြီးချုပ် ဘာလူစကိုနီ၊ ခေါက်ခုတင်ပြိုလဲကျပြီး သေဆုံးခဲ့ရတဲ့ အဘွားအိုနှစ်ဦး၊ မက္ကဆီကို၌ မူးယစ်ထိပ်တန်းခေါင်းဆောင် အသေဖမ်းဖိ၊ အယူမှားနဲ့ လက်စားချေလိုတဲ့ မိန်းမငယ်ကြောင့် ရက်စက်ခဲ့တဲ့ ပထွေးဒဏ် နှစ်နှစ်သားလေးခံရ၊ လှုပ်ခတ်နေသော အီရန်နိုင်ငံရေးဂယက်၊ ကိုရီးယားတို့ရဲ့ မင်္ဂလာဆောင်စီးပွားရေး၊ ငွေကြေးဖောင်းပွမှုစိုးရိမ်လို့ ရွှေဈေးတက်တာလား၊ ကမ္ဘာ့ငွေကြေး လဲလှယ်နှုန်း၊ ကမ္ဘာ့ရွှေဈေး မြန်မာ့ရွှေဈေး၊ ထင်ပေါ်ကျော်ကြား ကိုရီးယားအနုပညာရှင်များ စသည့် သတင်း၊ ဆောင်ပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

The LIVE NEWS ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ-၁၃စောင်-ငွေကျပ် ၅၈၅၀၊ ခြောက်လ-၂၆စောင်-ငွေကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ်(၃၁၀) အခန်း(၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၅၊ ၂၁၅၀၈၁ နှင့် MARKET CARE (Distribution Service) အမှတ် (၅၅) ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၃၁-၁၂-၂၀၀၉

လွိုင်လင်မြို့	- ၃	ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	- ၂	ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	- ၁	ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၁	ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၂	ဒီဂရီစင်တီဂရိတ်
အမ်းမြို့	၂	ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၃	ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၃	ဒီဂရီစင်တီဂရိတ်

စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ

နေပြည်တော် ဒီဇင်ဘာ ၃၁

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၇ခုနှစ် စာပေဗိမာန်စာမူဆု လူငယ်စာပေ ပထမဆုရ မောင်ကြည်သန့်ရေးသားသည့် "အောင်မြေ စွန်းရွှန်းသစ်စ၊ အလှနေခြည်" စာအုပ်ကို စာအုပ်အသင်း၏ (၅၅)အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များထံသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

ဆက်သွယ်နိုင်

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၂၄၉၀၃၁သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဒီဇင်ဘာ ၃၁

၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီ ၃၀ မိနစ် ၁၄ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၈၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ဘူတန်နိုင်ငံ)တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

တစ်ပြည်လုံးတွင် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၃၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူအချိန်များမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ မြိတ်မြို့တွင် ၀ ဒသမ၀ ၈ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

ယနေ့ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ၂၀၀၈ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး ဒေါက်တာကျော်စိန်နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ၂၀၀၈ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

■ *ကျော်ဖုံးမှ*

အဆိုပါ ဆုနှင်းသဘင်အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်နှင့်ဌာနဆိုင်ရာအကြီးအကဲများ၊မြန်မာ သမိုင်းအဖွဲ့ဝင်များ၊ အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ရည်ညွှန်းကျမ်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပုဂ္ဂလိကစာနယ်ဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များ၊ စာပေဆုရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ၂၀၀၈ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ဖတ်ကြားကြေညာ

ဆုနှင်းသဘင်အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်းကဆောင်ရွက်၍ တွဲဖက်အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒေါ်စန်းစန်းယဉ်က ဆောင်ရွက်ပြီး ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေညာသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး က အမှာစကားပြောကြားရာတွင် ယနေ့ ကျင်းပပြုလုပ်သည့် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဆုချီးမြှင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုး၊ မြန်မာစာပေလောကအကျိုး စွမ်းစွမ်းတမံ သယ်ပိုးထမ်းရွက်ခဲ့ကြသည့် စာပေပညာရှင်များကို ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဦးစွာပြောကြားလိုကြောင်း။

စိစစ်ရွေးချယ်

စာပေဆုများ ပေးအပ်ချီးမြှင့်ရာတွင်လည်း မြန်မာနိုင်ငံ၌ နှစ်စဉ်ပုံနှိပ်ထုတ်ဝေလျက်ရှိသည့် စာအုပ်၊ စာစောင်၊ မဂ္ဂဇင်း အမျိုးအစားပေါင်း တစ်သောင်းကျော် အနက်မှ အမျိုးသားစာပေဆုဆိုင်ရာ သတ်မှတ် စည်းကမ်းများနှင့်အညီ ဘာသာရပ် ၁၄မျိုး ခွဲခြားပြီးရွေးချယ်ချီးမြှင့်နေခြင်းဖြစ်ကြောင်း၊ ၂၀၀၈ခုနှစ်အတွင်းတွင် ထုတ်ဝေခဲ့သည့် စာအုပ်စာတမ်းများအနက် အမျိုးသား စာပေဆုအတွက် စာအုပ်ပေါင်း နှစ်ထောင်ခန့်ကို ဖတ်ရှုစိစစ်ပြီး ဆုပေါင်း ၁၀ဆုကို လည်းကောင်း၊ စာပေဗိမာန် စာမူဆုအတွက် ပြိုင်ပွဲဝင်စာမူပေါင်း ၂၀၅ခု အနက်မှ ဆုပေါင်း ၂၉ ဆုကိုလည်းကောင်း အသီးသီးစိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း။

အမျိုးသားရေးအကျိုးပြု မြန်မာစာပေဆိုင်ရာ လုပ်ငန်းများကို တစ်သက်တာလုံး ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းအားထုတ်ခဲ့မှုများအတွက် ၂၀၀၁ခုနှစ်က စတင်ချီးမြှင့်ခဲ့သည့် အမျိုးသားစာပေ တစ်သက်တာဆုကိုလည်း ယခုနှစ်တွင် ရှစ်ကြိမ်မြောက်အဖြစ် ဆက်လက် ချီးမြှင့်သွားမည် ဖြစ်ကြောင်း။

နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြု စာပေများ ထွန်းကားပြန့်ပွားလာစေရေး၊ စာပေကလောင်ရှင်သစ်များ ထွက်ပေါ်လာစေရန် အထောက်အကူပြုရေး၊ စာအုပ်စာတမ်းအဖြစ် မှတ်တမ်းတင် ထိန်းသိမ်းထားရမည့် မြန်မာ့မူဟန်အကြောင်းအရာများ၊ ခေတ်မီဆန်းသစ်သည့် အတွေးအမြင်၊ ဗဟုသုတနှင့် ခေတ်မီနည်းပညာရပ်များ ပေါ်ထွက်လာရေးအတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲများကိုလည်း နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ စာပေဗိမာန်စာမူဆုရ ကလောင်ရှင်များ၏ စာမူလက်ရာကောင်းများကို စာပေဗိမာန် လက်စွဲစာစဉ် ပုံနှိပ်စာအုပ်များအဖြစ် ထုတ်ဝေပေးနိုင်မှုကြောင့် အမျိုးသား စာပေဆုရ စာကောင်းပေမွန်များအဖြစ် ဆက်လက်ပေါ်ထွန်းလာခဲ့ပြီး နိုင်ငံတော်အနေဖြင့် မျိုးဆက်သစ်စာပေပညာရှင်များကို မြေတောင်မြှောက် အားပေးချီးမြှင့်နိုင်ခဲ့ကြောင်း။

နှစ်ပေါင်း ထောင်ချီခဲ့ပြီဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သက်တမ်းတစ်လျှောက် စာပေပညာရှင် ရဟန်းရှင်၊ လူများအပါအဝင် တိုင်းကျိုးဂုဏ်ဆောင် မျိုးချစ်ပုဂ္ဂိုလ်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် အမျိုးသားယဉ်ကျေးမှု အနုပညာအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်တွင် မြန်မာစာပေ၏ လောကကြောင်း၊ ဓမ္မကြောင်းဆိုင်ရာ လမ်းညွှန်မှုများကို အခြေခံပြီး ထည့်ဝါခံ့ညားသည့် အမျိုးသားယဉ်ကျေးမှုနှင့်အတူ အမျိုး၊ ဘာသာ၊ သာသနာကို မြှင့်တင်နိုင်ခဲ့ကြောင်း။

မျက်မှောက်ခေတ် စာပေပညာရှင်များ၊ စာပေလောကသားများအနေဖြင့် အမျိုးသားရေး အမွေခံကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းရင်း ပြည်သူလူထုအတွင်း မှန်ကန်သည့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အတွေးအမြင်များ ခံယူကျင့်သုံးရေး၊ အချင်းချင်း ရိုင်းပင်းညီညွတ်ပြီး အရေးကြီးလှျှင် သွေးစည်းသည့် ပြည်ထောင်စုစိတ်ဓာတ်များ ထိန်းသိမ်းတည်ဆောက်ရေး၊ ဂုဏ်ယူဖွယ်ရာ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ခေတ်မီ နိုင်ငံတော်တည်ဆောက်ရေးအတွက် အသိပညာ၊ နည်းပညာစွမ်းအားများ မြင့်မား တိုးတက်ရေးတို့ကို စာပေစွမ်းအားဖြင့် လှုံ့ဆော်အားပေးနိုင်စေရန် ဆက်လက်ကြိုးပမ်းသွားကြရမှာ ဖြစ်ကြောင်း။

သမိုင်းပေးတာဝန်

ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့လူ့အဖွဲ့အစည်းနှင့် လျော်ကန်သင့်မြတ်သည့် မူဝါဒလမ်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြသော်လည်း ပကတိ စွမ်းဆောင်အောင်မြင်မှုများကို မျက်ကွယ်ပြုပြီး ပြည်ပမီဒီယာများ၏ မမှန်မကန် နှိမ့်ချပုတ်ခတ်မှု၊ အသရေဖျက် လုပ်ကြံစွပ်စွဲမှုများ ရင်ဆိုင်နေကြရကြောင်း၊ ယခုကဲ့သို့ ပြည်ပမီဒီယာများ၏ သွေးထိုးသပ်လျှိုမှုများကို တွန်းလှန်ချေဖျက်ရင်း အမျိုးသားရေးသတိဖြင့် စောင့်ရှောက်ကာကွယ်ရေး၊ ပြည်တွင်း ပြည်ပ ဖြစ်ပေါ်ပြောင်းလဲမှုများကို ပြည်သူတစ်ရပ်လုံး မှန်ကန်စွာသိမြင်ပြီး အမျိုးသားရေးလမ်းကြောင်းပေါ်တွင် မယိမ်းမယိုင် ဆက်လက်လျှောက်လှမ်းရေး၊ မိမိတို့၏ အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ပြီး တည်တံ့ခိုင်မြဲစေရေးတို့အတွက် စာပေစွမ်းအားဖြင့် စည်းရုံးလှုံ့ဆော်ရေး တာဝန်များသည် စာပေပညာရှင်များအတွက် သမိုင်းပေးတာဝန်ဖြစ်ကြောင်းဖြင့် ပြောကြားလိုကြောင်း။

အခိုင်အမာတည်ဆောက်

ပြည်ထောင်စု မြန်မာနိုင်ငံအနေဖြင့် တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လာပြီး အမျိုးသားယဉ်ကျေးမှု လက္ခဏာများ တိမ်ကောသွားစေမည့် အန္တရာယ်များကို စာပေစွမ်းအား၊ ကိုယ်ပိုင် အမျိုးသားယဉ်ကျေးမှု စွမ်းအားများနှင့် ဟန့်တားဖယ်ရှားပြီး နိုင်ငံတော်က ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးအဖြစ် အခိုင်အမာ တည်ဆောက်သွားကြရမှာ ဖြစ်ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁

စာပဒေသာ ပထမဆု

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မြိုင်ယံလယ်က ဟတ္ထိဝင်္ကံ စာမူဖြင့် စာပဒေသာ ပထမဆုရ သောင်းညွှန့်သစ်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြဇာတ်စာပေ ပထမဆု

ရှေ့နေချုပ် ဦးအေးမောင် ရွှေထီးချောင်းက မောင်းထုသံစာမူဖြင့် ပြဇာတ်စာပေ ပထမဆုရ ဇင်မင်း(သမိန်ထော)အား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၈ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး ဒေါက်တာကျော်စိန်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး အမျိုးသားစာပေ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုရမြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

မြန်မာနိုင်ငံ၏ လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည့်အတွက် ကျေးလက်နေပြည်သူများ၏ စာပေဖတ်ရှုလေ့လာမှု မြင့်မားလာသည်နှင့်အမျှ နိုင်ငံတော်၏ လူသားစွမ်းရည် မြင့်မားလာမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်နေပြည်သူများ အသိပညာ ဗဟုသုတ ရှာမှီးနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးရှိ ကျေးရွာအားလုံးနီးပါးတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း။

ယခုအခြေအနေတွင် မြန်မာစာပေပညာရှင်များအနေဖြင့် သမိုင်းအစဉ်အဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကုသိုလ်အရောင်ဆိုးပေးပါစာအုပ်ဖြင့် အမျိုးသားစာပေ လူငယ်စာပေဆုရ ကျွန်းစဉ်မြေစောခက်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး သိင်္ဂါရ ရသဝတ္ထုတိုများစာအုပ်ဖြင့် အမျိုးသားစာပေဝတ္ထုတို ပေါင်းချုပ်ဆုရ ကြူကြူသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထုထည် အင်အားကြီးမားစွာ တည်ရှိလာသည့် မိမိတို့၏ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို အရိုးပေါ်အရွက်မဖုံးစေဘဲ ထိန်းသိမ်းစောင့်ရှောက်ရင်း နိုင်ငံတကာသို့ ထုတ်ဖော်ပြသနိုင်ရေး၊ တစ်ချိန်တည်း၌ပင် ဂန္ထဝင်မြောက် မြန်မာ့စာပေ၊ ကမ္ဘာ့စာပေများနှင့် ခေတ်ပြိုင်စာပေများကို မြန်မာစာဖတ်ပရိသတ်များ ရင်းနှီးကျွမ်းဝင်ပြီး အသိအမြင်၊ ဗဟုသုတ ကြွယ်ဝစေရေးတို့ကို ကြိုးပမ်းသွားကြရမှာ ဖြစ်ကြောင်း။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၏ ထူးခြားလေးနက်သည့် လှုပ်ရှားဆောင်ရွက်မှုများတွင် စာပေအင်အားစုများအားလုံး စုစုစည်းစည်း လက်တွဲပါဝင်ပြီး ပြည်သူများကို မှန်ကန်သည့် အတွေးအခေါ်၊ အယူအဆများ ဖွံ့ဖြိုးနေစေရန် ဆောင်ရွက်ပေးကြရန် အလေးအနက် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်-

- **အစဉ်အလာကြီးမားသည့် အမျိုးသားရေး အမွေခံကောင်းများကို လက်ဆင့်ကမ်း ထိန်းသိမ်းရင်း ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးအတွက် အသိပညာ၊ နည်းပညာ စွမ်းအားများ မြင့်မားတိုးတက်ရေးအတွက် ပိုင်းဝန်း လက်တွဲ ဖော်ဆောင်သွားကြရန်။**
- **စာပေကို သွက်လက်ထက်မြက်သည့် မီဒီယာစွမ်းအားအဖြစ် အသုံးပြုပြီး ပြည်သူများ၏ အသိအမြင်၊ အတွေးအခေါ် မှန်ကန်စေရေး စည်းရုံးကြိုးပမ်း ဆောင်ရွက်ပေးကြရန်။**
- **စာပေပညာရှင်၊ စာပေအင်အားစုများအားလုံး အမျိုးသားယဉ်ကျေးမှု စာပေအမွေများကိုမြတ်နိုးလေးစားတန်ဖိုးထားပြီး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် စုစည်းညီညွတ်စွာလက်တွဲကြိုးပမ်းသွားကြရန် ပြောကြားသည်။**

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ၂၀၀၈ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး ဒေါက်တာကျော်စိန်အား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၀၈ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိကြသူများဖြစ်ကြသည့် **"ခါကာဘို ခရီးသည်"** စာအုပ်ဖြင့် အမျိုးသားစာပေ ပဒေသာဆုရ ယိမ်းနွဲ့ပါး၊ **"သိင်္ဂါရ ရသဝတ္ထုတိုများ"** စာအုပ်ဖြင့် အမျိုးသားစာပေဝတ္ထုတို ပေါင်းချုပ်ဆုရ ကြူကြူသင်း၊ **"လီဆူးတိုင်းရင်းသားတို့၏ ဘဝလေ့"** စာအုပ်ဖြင့် အမျိုးသားစာပေ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ **"ချစ်စရာ့ကလေးများ"** စာအုပ်ဖြင့် အမျိုးသားစာပေ ကလေးစာပေဆုရ ရေနံမြေ မောင်မောင်ကြည်၊ **"ကုသိုလ်အရောင်ဆိုးပေးပါ"** စာအုပ်ဖြင့် အမျိုးသားစာပေ လူငယ်စာပေဆုရ ကျွန်းစဉ်မြေစောခက်တို့အား ဆုချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၈ခုနှစ်အတွက် အမျိုးသားစာပေဆုရ **"ကျန်ဇီမင်း(သို့မဟုတ်) တရုတ်ပြည်ကို ပြောင်းလဲခဲ့သူ"** စာအုပ်ဖြင့် အမျိုးသားစာပေဘာသာပြန်(သုတ) စာပေဆုရ တော်ကောင်းမင်း၊ **"ပါဝါကျဆုံးခြင်းနှင့် စင်ကာပူဘဝရန့် ဝတ္ထုတိုများ"** စာအုပ်ဖြင့် အမျိုးသားစာပေ ဘာသာပြန်(ရသ)ဆုရ ဝင်းထွဋ်ဇော်၊ **"ရာဇဝင်ထဲမှာ ပုဏ္ဏား"** စာအုပ်ဖြင့် အမျိုးသားစာပေ သုတပဒေသာ(ဝိဇ္ဇာ)ဆုရ ဒေါက်တာ ဒဂုံ၊ **"ပြည်သူအတွက်သစ်တောပညာ"** စာအုပ်ဖြင့် အမျိုးသားစာပေသုတပဒေသာ (ရိုးရိုးသိပ္ပံ)ဆုရ ဒေါက်တာကျော်တင့်၊ **"ဖွံ့ဖြိုးဝေဆာ ခေတ်သစ်စိုက်ပျိုးရေးရာ"** စာအုပ်ဖြင့် အမျိုးသားစာပေ သုတပဒေသာ(အသုံးချသိပ္ပံ)ဆုရ အောင်စိုး (စိုက်ပျိုး/၁၀၇) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ၂၀၀၈ခုနှစ်အတွက် စာပေဗိမာန် စာမူဆုရရှိကြသည့် **"မေတ္တာဘုံ သစ္စာလွှမ်းတယ် လွှမ်းငြိမ့်ငြိမ့်အေး"** စာမူဖြင့် ဝတ္ထုရှည် ပထမဆုရ နေမျိုးသန့်၊ **"ဖန်လာပုံ ခုမှဆန်းကြယ်"** စာမူဖြင့် ဝတ္ထုရှည် ဒုတိယဆုရ သုသိဏ်၊ **"လှိုင်းလေကြားက ပန်းရွှေကြာ"** စာမူဖြင့် ဝတ္ထုရှည် တတိယဆုရ နီနီနိုင် (သထုံ) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားစာပေ ဘာသာပြန် (ရသ)ဆုရ ဝင်းထွဋ်ဇော်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့် အလှသစ်ချိန်ပန်းပွင့်ချိန် ကလေးကဗျာများ စာမူဖြင့်ကလေးစာပေပထမဆုရမင်းနိုင်လေး(လမ်းမတော်)အား ဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး မြန်မာနိုင်ငံ ဂုဏ်ထူးဆောင်ဘွဲ့ ဂုဏ်ထူးဆောင်တံဆိပ်များ သမိုင်းစာမူဖြင့် သုတပဒေသာ (ဝိဇ္ဇာ)ပထမဆုရ သန်းထွန်း (မော်လမြိုင်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး
(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး
(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေးနေ့သန္နိဋ္ဌာန်၊ မျိုးချစ်စိတ်ဓာတ်အစဉ်ရှင်သန်

မိုးဆွေအောင် (စွမ်းအင်)

မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီး အချုပ်အခြာ အာဏာပိုင်ဆိုင်သော နိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်မှာ ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ကာလအားဖြင့် (၆၂)နှစ်ပြည့်တော့မည် ဖြစ်သည်။ စင်စစ်တွင် မြန်မာနိုင်ငံသည် ဘီစီ(၃)ရာစုနှစ်မှစတင်၍ ဗိဿနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာ စသည်ဖြင့် ပဒေသရာဇ်နိုင်ငံငယ်များ ထူထောင်လျက် ကိုယ့်မင်းကိုယ့်ချင်းဖြင့် အုပ်ချုပ်နေထိုင်လာခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုကြီးမားထွန်းကားခဲ့သော၊ ဧရိယာအကျယ်အဝန်း ကြီးမားပြီး လူဦးရေများပြားသည့် နိုင်ငံကြီးနှစ်နိုင်ငံဖြစ်သော အိန္ဒိယနှင့် တရုတ်နိုင်ငံတို့အကြားတွင် တည်ရှိနေသော်လည်း မိမိကိုယ်ပိုင်ရိုးရာ ယဉ်ကျေးမှုအစဉ်အလာကို ဖန်တီးတည်ဆောက် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြသူများဖြစ်ကြကြောင်း သမိုင်းကြောင်းက ပြဆိုနေပေသည်။ မြန်မာနိုင်ငံ၏ မြောက်ဘက်တွင် လူဦးရေသန်းပေါင်း ၁၃၀၀ ခန့်ရှိသည့် တရုတ်နိုင်ငံ၊ အနောက်ဘက်တွင် လူဦးရေသန်းပေါင်း ၁၁၀၀ကျော်ရှိသည့် အိန္ဒိယနိုင်ငံနှင့် လူဦးရေသန်းပေါင်း ၁၄၀ကျော်ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အရှေ့ဘက်တွင် လာအိုနိုင်ငံနှင့် အရှေ့တောင်ဘက်တွင် လူဦးရေ ၆၅ သန်းကျော်ရှိသည့် ထိုင်းနိုင်ငံ စသည်ဖြင့် အသီးသီးဝန်းရံကြလျက် နိုင်ငံနယ်နိမိတ် မိုင်ပေါင်း ၅၂၀၀ခန့် ရှည်လျားစွာ တည်ရှိနေသည်။ နိုင်ငံနယ်နိမိတ်ချင်းအနေဖြင့် တရုတ်နိုင်ငံနှင့် ၁၃၅၇ မိုင်၊ အိန္ဒိယနိုင်ငံနှင့် ၈၅၇ မိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ၁၅၂မိုင်၊ လာအိုနိုင်ငံနှင့်၁၂၈မိုင်၊ ထိုင်းနိုင်ငံနှင့် ၁၃၁၄မိုင် စုစုပေါင်း မိုင်ပေါင်း ၃၈၀၀ကျော် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်တည်ရှိနေပေသည်။

ယင်းသို့နိုင်ငံကြီးများအနီးတွင် ပထဝီအနေအထားအရ အချက်အချာကျလျက် တည်ရှိနေသည့်အတွက် မြန်မာနိုင်ငံ၏အရေးကြီးဆုံး အမျိုးသားရေးအကျိုးစီးပွားဟူသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးပင်ဖြစ်ကြောင်း လေ့လာဆန်းစစ်နိုင်မည်ဖြစ်ပေသည်။ မြန်မာတို့သည် ပုဂံခေတ်တွင် အနော်ရထာ(၁၀၄၄-၁၀၇၇)၏ ဦးဆောင်မှုဖြင့် ပထမမြန်မာနိုင်ငံတော်ကိုလည်းကောင်း၊ တောင်ငူခေတ်တွင် ဘုရင့်နောင်(၁၅၅၁-၁၅၈၁)၏ ဦးဆောင်မှုဖြင့် ဒုတိယမြန်မာနိုင်ငံတော်ကိုလည်းကောင်း၊ ကုန်းဘောင်ခေတ်တွင် အလောင်းဘုရား (၁၇၅၂-၁၇၆၀)၏ ဦးဆောင်မှုဖြင့် တတိယမြန်မာနိုင်ငံတော်ကိုလည်းကောင်း ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ အသီးသီးထူထောင်နိုင်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းများ ရှိခဲ့သူများ ဖြစ်ကြပေသည်။

ယခုအခါ လွတ်လပ်ရေးရရှိပြီးခဲ့သည်မှာ နှစ်ပေါင်းခြောက်ဆယ်ကျော်ခဲ့ပေပြီ။ ၁၈၂၄ ခု အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမှစတင်၍ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲစဉ်များတစ်လျှောက် အသက်၊ သွေး၊ ချွေးများစွာတို့ကို ပေးဆပ်ခဲ့ကြသော ဘိုး၊ ဘေး၊ ဘီ၊ ဘင် မျိုးဆက်များအနေဖြင့် အသီးသီးတာဝန်ကျေပွန်ခဲ့ကြပြီးဖြစ်ပေသည်။ **ကိုလိုနီနယ်ချဲ့တို့၏ မတရားကျူးကျော်မှုကြောင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ဆိတ်သုဉ်းပျောက်ကွယ်ခဲ့ရာ သူ့ကျွန်မခံလိုသော ပြည်ထောင်စုဖွား တိုင်းရင်းသားများကစည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်၊ ခိုင်မာသောမျိုးချစ်အားမာန်တို့ဖြင့် နယ်ချဲ့တို့အား ရွပ်ရွပ်ချွံချွံ တွန်းလှန်တိုက်ဖျက်ကာ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်။** ယင်းသို့ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သော်လည်း တိုင်းရင်းသားညီအစ်ကိုအချင်းချင်း မညီညွတ်ကြသဖြင့် ပြည်တွင်းသောင်းကျန်းမှုများ ဖြစ်ပွားခဲ့ရသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရသည့်ဖြစ်ရပ်၏ ဆိုးကျိုးများအဖြစ် ကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ ထိခိုက်ခဲ့ကြရသည်။ အလုပ်အကိုင် အခွင့်အလမ်းများစွာ ဆုံးရှုံးခဲ့ရခြင်းများနှင့် ရင်ဆိုင်ခဲ့ကြရပါသည်။

၁၉၄၈ ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ လွတ်လပ်ရေးရရှိပြီး နှစ် (၄၀)အချိန်ကာလအတွင်း နိုင်ငံတွင်း၌ အမျိုးသားစည်းလုံးညီညွတ်မှုအားနည်းခဲ့ခြင်း၊ ကျင့်သုံးခဲ့သော စီးပွားရေးစနစ် အားနည်းခြင်းတို့ကြောင့် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှု အနိမ့်ဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ရပါသည်။ **ယင်းသို့ ရောက်ရှိခဲ့ရာမှ နိုင်ငံတော်အချုပ်အခြာအာဏာကို ဆုံးရှုံးရတော့မည့်အခြေအနေသို့ ရောက်ရှိလာခဲ့သဖြင့် ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွင် တပ်မတော်က မလွှဲသာမရှောင်သာ တာဝန်ယူလိုက်ရပါသည်။ ဤသို့ဖြင့် တပ်မတော်အစိုးရသည် ဖွံ့ဖြိုးမှုအနိမ့်ဆုံးသို့ ရောက်ရှိနေသောနိုင်ငံကို ပြန်လည်ထူထောင်မှုများ ပြုလုပ်ခဲ့ရပါသည်။ အနာဂတ်နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် အဓိက လိုအပ်ချက်တစ်ရပ်ဖြစ်သော တည်ငြိမ်အေးချမ်းရေးကို ရယူသည့်အနေဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်အများအပြား ငြိမ်းချမ်းရေးရယူနိုင်ခဲ့သည်။** ယခင်က အေးချမ်းမှုမရှိခဲ့ကြသော ဒေသအသီးသီးတွင် တည်ငြိမ်အေးချမ်းမှု အပြည့်အဝရရှိပြီး ဒေသခံပြည်သူများအနေဖြင့် မြေလွတ်မြေရိုင်းများနှင့် စိုက်ဧကအသစ်များကို တိုးချဲ့ဖော်ထုတ် စိုက်ပျိုးလုပ်ကိုင်လာနိုင်ခဲ့ကြပေသည်။

ဤသို့ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းလက်တွဲပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းကြောင့် အောင်မြင်ဖြစ်ထွန်းမှုများစွာ ရရှိခဲ့သည့်ပြင် ပြည်သူတစ်ရပ်လုံး ပိုင်ဆိုင်နေရမည့် အချုပ်အခြာအာဏာကို ပြည်သူတို့ ရွေးချယ်တာဝန်ပေးသော ပြည်သူ့ကိုယ်စားလှယ်များက စည်းကမ်းဥပဒေနှင့်အညီ ကျင့်သုံးကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီပန်းတိုင်သို့ လှမ်းတက်နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကိုလည်း ထောက်ခံအတည်ပြုပေးနိုင်ခဲ့ပြီဖြစ်။

ဤသည်မှာ ယခင်အစိုးရများ ကြိုးစားအားထုတ်ခဲ့ကြသော်လည်း မအောင်မြင် မရယူနိုင်ခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေးကို ရယူနိုင်ခဲ့ခြင်းကြောင့် ပင်ဖြစ်ပေသည်။ ယခုမျက်မှောက်ကာလ တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုများ တိုးတက်ခိုင်မာလာသည်နှင့်အညီ နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးဒေသကြီး (၂၄)ခု စီမံကိန်း၊ နယ်စပ်ဒေသနှင့်ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းစသည်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပေသည်။

ထို့ပြင် စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်ပြီး ၁၉၈၈ခုနှစ်က အသားတင်စိုက်ပျိုးမြေဧက ၁၉ဒသမ၉သန်းသာရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၂၉ဒသမ ၃၂သန်းအထိ တိုးတက်လာခြင်း၊ စိုက်ပျိုးရေ ရရှိရေးအတွက် ရေလှောင်တမံ စီမံကိန်းပေါင်း ၂၂၈ခု၊ မြစ်ရေတင်စီမံကိန်းပေါင်း ၃၂၂ခု၊ မြေအောက်ရေ ရရှိရေးအတွက်ရေတွင်းပေါင်း ၇၉၆၂တွင်းသာမက ဆည်ငယ်၊ ကန်ငယ်များကိုလည်း ပြုပြင်တည်ဆောက်ပေးနိုင်ခဲ့ခြင်း၊ သီးနှံစိုက်စွမ်းအားအနေဖြင့် ၁၉၈၈ ခုနှစ်က ရာခိုင်နှုန်း ၁၂၀သာရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၁၇၁ ဒသမ ၁ရာခိုင်နှုန်းအထိ တိုးတက်လာခြင်း၊ စပါးထုတ်လုပ်မှုတွင် ၁၉၈၈ခုနှစ်က တင်းပေါင်း ၆၃၁သန်းသာရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်တွင် တင်းပေါင်း ၁၅၆၁သန်းအထိ လည်းကောင်း၊ ပဲမျိုးစုံထုတ်လုပ်မှုတွင် ၁၉၈၈ခုနှစ်တွင် စိုက်ဧက ၁ဒသမ၈သန်းသာရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်တွင် စိုက်ဧက ၁၀ဒသမ ၅၇သန်းနှင့် မက်ထရစ်တန် ၅၃ဒသမ ၃သိန်းအထိလည်းကောင်း၊ ဆီထွက် သီးနှံစိုက်ဧကမှာလည်း ၁၉၈၈ခုနှစ်တွင် စိုက်ဧက ငါးသန်းသာရှိခဲ့ရာမှ ၉ဒသမ ၂၈သန်းအထိ လည်းကောင်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဝါစိုက်ပျိုးရာတွင်လည်း တစ်ဧကလျှင် အမြင့်ဆုံး ပိဿာ ၄၀၀-၅၀၀ခန့်သာ ထွက်ရှိခဲ့ရာမှ တစ်ဧကလျှင် ပိဿာ ၁၆၀၀ကျော် ထွက်ရှိသည့် ငွေချည် (၆) ဝါမျိုးသစ်များ ပြောင်းလဲစိုက်ပျိုး

စာမျက်နှာ ၇ ကော်လံ ၁

တည်ဆောက်

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ရတနာပုံမြို့သစ်တွင် အဓိကအဆောက်အအုံကြီးဖြစ်သည့် ရတနာပုံတယ်လီပို့ အဆောက်အအုံ တည်ဆောက်ထားသည်ကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း (မရမ်းကုန်း)

1-1 (06).pmd 1 1/1/2010, 5:09 AM

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

စာမျက်နှာ ၆ မှ

နိုင်ခဲ့ခြင်းစသည်ဖြင့် ပြည်သူများအတွက် စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်မြင့်မားလာအောင် စွမ်းဆောင်မြှင့်တင် ပေးနိုင်ခဲ့ပေသည်။

တစ်ဖန် သစ်တောကဏ္ဍနှင့်ပတ်သက်၍ ကျွန်းနှင့်အခြားသစ်မာ စိုက်ခင်းဧကပေါင်း ၈၂၆၀၀၀ကျော်ကို နိုင်ငံတော်က စိုက်ပျိုးထူထောင်ထားပြီး ပုဂ္ဂလိကအနေဖြင့်လည်း ဧက ၂၇၀၀၀၀ကျော် ခွင့်ပြုစိုက်ပျိုးပြီး ဖြစ်သည်။ စက်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင် တိုးတက်လာစေရေးအတွက် စက်မှုဇုန် ၁၈ဇုန် ထူထောင်ပေးနိုင်ခဲ့ပြီး ၁၉၈၈ခုနှစ်က နိုင်ငံပိုင်စက်ရုံ ၆၂၄ရုံနှင့် ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံ ၃၅၀၀၀သာရှိခဲ့ရာမှ ယခုအခါ နိုင်ငံပိုင်စက်ရုံ ၇၆၈ရုံနှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံ ၁၁၈၀၀၀ကျော်အထိ တိုးတက်လာခဲ့ပေသည်။

ထိုနည်းတူ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ၁၉၈၈ခုနှစ်က လမ်းမိုင်ပေါင်း ၂၁၀၀၀ကျော်သာ ရှိခဲ့ရာမှ ယခုအခါ မိုင်ပေါင်း ၄၁၇၀၀ကျော်အထိ လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်း မိုင်ပေါင်း ၃၉၄၀၀ကျော်ကို လည်းကောင်း၊ ရထားလမ်းသစ်များအနေဖြင့် ၁၉၈၈ခုနှစ်က သံလမ်းမိုင် ၂၇၉၃ဒသမ ၈၆မိုင်ရှိခဲ့ရာမှ ယခု ၄၃၃၈ဒသမ ၉မိုင်အထိ လည်းကောင်း၊ ၁၉၈၈ခုနှစ်အထိ တံတားကြီး ငါးစင်းသာရှိခဲ့ရာမှ ထပ်မံတည်ဆောက်ပြီး တံတားကြီး ၁၈စင်း၊ ပေ ၁၈၀အထက် ကားလမ်း တံတားပေါင်း ၂၃၃စင်း၊ ရထားလမ်း တံတားပေါင်း ၅၅စင်းတို့ကို လည်းကောင်း၊ လေယာဉ်ပြေးလမ်း ပေ ၅၀၀၀အထက်ရှိ လေယာဉ်ကွင်း ၂၁ ကွင်းသာရှိခဲ့ရာမှ ၃၇ကွင်းအထိ လည်းကောင်း၊ နေပြည်တော်လေဆိပ် နိုင်ငံတကာအဆင့်မီ တည်ဆောက်ရေးလုပ်ငန်းကိုလည်းကောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ၁၃ခုသာရှိခဲ့ရာမှ **ယခုအခါ ကုန်သေတ္တာတင်ချနိုင်သော ဆိပ်ခံတံတား ၂၈ခု၊ ကုန်းတွင်းကုန်သေတ္တာစခန်း သုံးခုတို့ကို ထပ်မံ၍လည်းကောင်း အသီးသီး ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ကျောက်ဖြူနှင့် ထားဝယ်တို့တွင်လည်း ရေနက်ဆိပ်ကမ်းများ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို အကောင်အထည်ဖော်လျက်ရှိပေသည်။**

ဆက်သွယ်ရေးကဏ္ဍတွင်လည်း အော်တိုတယ်လီဖုန်းပေါင်း ၉၃၆၈၂၀ နှင့် မိုဘိုင်းလ်တယ်လီဖုန်း ၁၀၁၀၀၀၀ကျော်တို့ကို တပ်ဆင်အသုံးပြုလာနိုင်ခဲ့ခြင်းဖြင့် ကမ်းနီးပင်လယ်ပြင်နှင့် ကျေးလက်ဒေသများအထိပါ ဆက်သွယ်မှု ရရှိနေပြီဖြစ်သည့်အပြင် ဖက်စ်၊ အီးမေးလ်၊ အင်တာနက်တို့ဖြင့် ဆက်စပ်သော ဝန်ဆောင်မှုများပါ တိုးတက်လာခဲ့ပြီဖြစ်သည်။ လျှပ်စစ်ဓာတ်အားကဏ္ဍတွင်လည်း ရေအားလျှပ်စစ်စက်ရုံများအနေဖြင့် ယခင်က ရေအားလျှပ်စစ်ထုတ်လုပ်မှု ၂၂၈မဂ္ဂါဝပ်သာရှိခဲ့ရာမှ ယခု ၁၁၉၇မဂ္ဂါဝပ်အထိကို လည်းကောင်း၊ အခြားတည်ဆောက်ပြီး စက်ရုံများအပါအဝင် ၂၂၅၅ဒသမ ၉မဂ္ဂါဝပ်အထိလည်းကောင်း အသီးသီးတိုးတက်ထုတ်လုပ်လာနိုင်ပြီး တည်ဆောက်နေဆဲ ရေအားလျှပ်စစ်စီမံကိန်း ၄၇ခု၊ တည်ဆောက်မည့် မဂ္ဂါဝပ် ၁၀၀၀ကျော်ရရှိမည့် စီမံကိန်းငါးခုနှင့် တည်ဆောက်ဆဲ မဟာဓာတ်အားလိုင်းများကို အသီးသီးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

ထို့ပြင် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်စေရေးအတွက် ကမ်းလွန်နှင့် ကုန်းတွင်းဒေသများတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ အဖိုးတန် မြေအောက်သယံဇာတ တိုးတက်ထုတ်လုပ်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါသည်။ **တပ်မတော်အစိုးရသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းပြီး အခြေခံပညာကျောင်းပေါင်း ၄၀၆၇၉ကျောင်း၊ မူလတန်းမှ ရှစ်တန်းအထိ သင်ယူနိုင်သော မူလွန်ကျောင်းပေါင်း ၆၆၀၁ကျောင်း၊ တွဲဖက်အလယ်တန်းနှင့် အလယ်တန်းကျောင်းခွဲပေါင်း ၁၇၂၃ကျောင်း၊ တွဲဖက်အထက်တန်းကျောင်းနှင့် အထက်တန်းကျောင်းခွဲပေါင်း ၁၀၉၂ကျောင်းတို့ကို လည်းကောင်း၊ အဆင့်မြင့်ပညာသင်ယူနိုင်ရေးအတွက် ယခင်တက္ကသိုလ် ကောလိပ် ၃၂ကျောင်းသာရှိခဲ့ရာမှ ယခု ၁၅၉ကျောင်းအထိ လည်းကောင်း တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ပညာရေးဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုအနေဖြင့် ၂၀၀၉-၂၀၁၀ပညာသင်နှစ်တွင် အသက်ငါးနှစ်ပြည့်ပြီး ကလေးငယ်များ၏ သူငယ်တန်းကျောင်းဝင်နှုန်းမှာ ၉၈ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်လာပြီး သက်ကြီးစာတတ်မြောက်နှုန်းမှာလည်း ၉၄ဒသမ၈၉ ရာခိုင်နှုန်းအထိ အသီးသီးတိုးတက်မှုများ တွေ့ရှိရပေသည်။ ကျန်းမာရေးကဏ္ဍအနေဖြင့် ဆေးရုံပေါင်း ၂၅၃ရုံ အသစ်တည်ဆောက်ပေးခြင်း၊ ဆေးရုံ ၂၆၄ရုံကို အဆင့်မြှင့်တင်ပေးနိုင်ခြင်း၊ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်ပေါင်း ၁၆ခု ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်း စသည်တို့ကို အကောင်အထည်ဖော်နိုင်ခဲ့ပေသည်။**

မြန်မာနိုင်ငံသည် ဖော်ပြပါ ဖြစ်ထွန်းတိုးတက်လာမှုများ ရရှိလာခဲ့သည့်အပြင် ၁၉၉၇ခုနှစ် ဇူလိုင်လ၌ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASE-AN) (အာဆီယံ) အဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ ၄င်းနှစ် ဒီဇင်ဘာလ၌ ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (Bay of Bengal Initiative for Multisectoral Technical and Economic Co-operation - BIM-STEC) (ဘင်းမ်စတက်) အဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ အရှေ့တောင်အာရှဒေသနှင့် တောင်အာရှဒေသနှစ်ခုအကြားတွင် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အချက်အချာကျသည့် ရပ်တည်မှုအနေအထားကို ပိုမိုမြင့်မားလာစေခဲ့သည်မှာ တပ်မတော်အစိုးရလက်ထက်တွင် သိသာထင်ရှားသော အောင်မြင်မှုသာဓကများပင် ဖြစ်ပေသည်။

ဤသို့ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းလက်တွဲပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းကြောင့် အောင်မြင်ဖြစ်ထွန်းမှုများစွာ ရရှိခဲ့သည့်အပြင် ပြည်သူတစ်ရပ်လုံး ပိုင်ဆိုင်နေရမည့် အချုပ်အခြာအာဏာကို ပြည်သူတို့ ရွေးချယ်တာဝန်ပေးသော ပြည်သူ့ကိုယ်စားလှယ်များက စည်းကမ်းဥပဒေနှင့်အညီ ကျင့်သုံးကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီပန်းတိုင်သို့ လှမ်းတက်နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကိုလည်း ထောက်ခံအတည်ပြုပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ယခုအခါ ယင်းသို့ နိုင်ငံတော်အတွင်း ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အသီးအပွင့်များကို ကိုလိုနီလက်သစ်များနှင့် အဆိုးမြင်ဝါဒီအဖျက်သမားများက ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်စေရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့်

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ လွတ်လပ်ရေး၏ တန်ဖိုးကို သိရှိနားလည်ပြီး ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နှစ်ပေါင်းထောင်ချီ၍ အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ခမ်းနားထည်ဝါစွာ ရပ်တည်ခဲ့သော၊ ရှေးပဝေသဏီကပင် တိုင်းရင်းသားလူမျိုး ၁၀၀ကျော်တို့ ဝံသာနုရက္ခိတတရားဖြင့် ထာဝရလက်တွဲနေထိုင်ခဲ့ကြသော ဤပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်းသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာစွာဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ပြည်တွင်းပြည်ပအဖျက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးခြင်း အန္တရာယ်မှ ပူးပေါင်းကာကွယ်ကြရမည် ဖြစ်ပါကြောင်း (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုတိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

အရှေ့တောင် အာရှဒေသနှင့် တောင်အာရှဒေသနှစ်ခုအကြားတွင် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အချက်အချာကျသည့် ရပ်တည်မှုအနေအထားကို ပိုမိုမြင့်မားလာစေခဲ့သည်မှာ တပ်မတော်အစိုးရလက်ထက်တွင် သိသာထင်ရှားသော အောင်မြင်မှုသာဓကများပင်ဖြစ်။

မြန်မာဟူသည် နွယ်သာကီ

* ပုဂံ ပင်းယ၊ အင်းဝ တောင်ငူ
နှောင်းမှ ညောင်ရမ်း၊ ကုန်းဘောင်နန်းတိုင်
တင့်လျှမ်းဝေစည်၊ မင်းနေပြည်နှင့်..
ရောင်ခြည်လင်းဖြာ၊ သာသနာနှင့်..
လယ်ယာဆည်ချောင်း၊ ရေမြေကောင်းနှင့်..
သောင်းတိုက်လွှမ်းကျော်၊ အောင်တပ်တော်နှင့်..
ဆီသော်ရေချိုး၊ ဆေးရိုးမီးလှုံ
တောင်ပုံစပါး၊ ကြွယ်ဝပွားလျက်
တင့်ကြွားဟန်ချီ နွယ်သာကီ။

* ဇာတိ ပုညာ၊ ဂုဏ်မာနနှင့်
တက်ကြွညီညာ၊ ထက်သန်စွာလျှင်
စဉ်လာမညှိုး၊ ဂုဏ်သိန်တိုးလျက်
တန်ခိုးဘုန်းသစ်၊ ထောင်ချီနှစ်တိုင်
ကျစ်လျစ်ခိုင်ကျည် နွယ်သာကီ။

* တစ်ကျေ့တစ်ကြိမ်
မေ့မိန်စွန်းညစ်၊ သူ့ကျွန်ဖြစ်လည်း
နှံ့နစ်မခံ၊ တွန်းတော်လှန်လျက်
မျိုးမာန်စွမ်းစ၊ သိအောင်ပြခဲ့
အာဂဇာနည် နွယ်သာကီ။

* အမျိုးဘာသာ၊ သာသနာနှင့်
ရိုးရာထုံးစံ၊ ကောင်းမွေခံလျက်
''မြန်မာ''ဟူကြွေး၊ ကမ္ဘာကြွားမျှ
လေးစားဂုဏ်မြောက်၊ အံ့ချီးလောက်သည်
ထွန်းတောက်အစွမ်းရှည် နွယ်သာကီ။

* ပြည်၏အကျိုး၊ အမျိုးသိက္ခာ
သာသနာကျေးဇူး၊ အထူးထူးကို
ရည်စူးနှင်းအပ်၊ ကျေပွန်လတ်သည့်
သားမြတ်သားကောင်း၊ သူရဲကောင်းတို့
ထောင်သောင်းသိန်းသန်း၊ လက်ဆင့်ကမ်းလျက်
ကြိုးပမ်းပေးဆပ်၊ အသက်ထပ်၍
စောင့်ကြပ်ကွယ်ကာ၊ ထိန်းသိမ်းလာခဲ့
ဒို့ရွာဒို့တိုင်း၊ ဒို့သမိုင်းကို
မရိုင်းစေရေး၊ ညီညွတ်သွေးဖြင့်
ရေးဖွဲ့မော်ကွန်း၊ သိစေညွှန်းအံ့
ကျွန်းဇမ္ဗူဒီပါ၊ တောင်လကျာ်ဝယ်
သြဘာနိမိတ်၊ အောင်အတိတ်နှင့်
အောင်ဟိတ်ဝေဖြာ၊ ထင်ရှားပါသည်
''မြန်မာ''ဟူသည် နွယ်သာကီ။
ဇာတိစဉ်လာ ဂုဏ်ဝင့်ချီ။
ကမ္ဘာတည်မည့် မျိုးဂုဏ်ရည်။ ။

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ဇော်မင်းမင်းဦး

အနှစ်သာရရှိရှိစံစားနိုင်ကြပြီ

ကာတွန်း - ထွန်းလင်း



စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံ တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

*** *ရှေ့ဖုံးမှ***

ဖွင့်ပွဲအခမ်းအနားများသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ပညာရှင်များ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရ စက်မှု နယ်မြေရှိ စက်ရုံများမှ စက်ရုံမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြ သည်။

ရှေးဦးစွာ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံဖွင့်ပွဲ အခမ်း အနားကို နံနက် ၇နာရီခွဲတွင် အဆိုပါစက်ရုံအဝင် မုခ်ဦးရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

အစီအစဉ်အရ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှမင်းနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းတို့က ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘီလပ်မြေစက်ရုံ(နေပြည်တော်) တည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ ဘက်စုံသုံး ဒီဇယ် အင်ဂျင်ထုတ်လုပ်မှု စက်ရုံဖွင့်ပွဲ အခမ်းအနား အထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံကို ၂၀၀၆ခုနှစ် အောက်တိုဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ စီမံကိန်းစက်ရုံ တည်ဆောက်မှု၊ စက်ပစ္စည်းများ တပ်ဆင် စမ်းသပ်လည်ပတ်မှုနှင့် စမ်းသပ်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက် ပြီးစီးပြီဖြစ်။

ယင်းစက်ရုံမှ 6V 128ZC ၊ 8V 128ZC နှင့် 12V 128ZC အင်ဂျင်သုံးမျိုးကို တစ်နှစ်လျှင် အလုံးရေ ၇၀၀ခန့် ထုတ်လုပ်သွားနိုင်မည်ဖြစ်ရာ ပြည်တွင်းနှင့် ကမ်းရိုးတန်းသွား ရေယာဉ်များ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ မော်တော်ယာဉ်များနှင့် ယန္တရားများအတွက် လိုအပ်သော ဒီဇယ်အင်ဂျင်များကို ထုတ်လုပ် ဖြည့်ဆည်းပေးနိုင်မည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဖွင့်ပွဲအထိမ်း အမှတ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေး နံ့သာရည်များ ပက်ဖျန်းပေးသည်။

ပက်ဖျန်းပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကို[...] များက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သ[...] ကြသည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်း မော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံ တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာစက်ရုံကို ၂၀၀၇ခုနှစ် မေလတွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ စီမံကိန်း စက်ရုံ တည်ဆောက်မှု၊ စက်ပစ္စည်းများ တပ်ဆင် စမ်းသပ်လည်ပတ်မှုနှင့် စမ်းသပ်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်။

စက်ရုံမှ ကီလိုဝပ် ၁၀၀၊ ကီလိုဝပ် ၅၀၀နှင့် ကီလိုဝပ် ၂၀၀၀ Francis တာဘိုင်နှင့် ဂျင်နရေတာများကို တစ်နှစ်လျှင် အစုံ ၅၀ခန့် ထုတ်လုပ်သွားနိုင်မည်ဖြစ်ရာ နိုင်ငံနှင့်အဝန်း ရေအရင်းအမြစ်ရရှိမှု အခြေအနေအရ လိုအပ်သည့် ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာများကို ထုတ်လုပ် ဖြည့်ဆည်းပေးနိုင်မည်။

ပက်ဖျန်းပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့် ဝန်ကြီး များက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေး ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံအတွင်း Forging shop ၊ Machine Shop N0.(2) ၊ Heat Treatment Shop၊ Foundry Shop နှင့် Machine Shop No.(1) တို့တွင် ခေတ်မီ နည်းပညာများ အသုံးပြု၍ စက်များလည်ပတ်နေမှု၊ Assembly & Testing Shop တွင် Piston & Connection Rod များ တပ်ဆင်နေမှုနှင့် အင်ဂျင်၏ စက်အစိတ်အပိုင်းများတပ်ဆင်နေမှု၊ Engine Testing Control Room တွင် လုပ်ငန်းများဆောင်ရွက်နေမှု၊ စက်ရုံမှ ထုတ်လုပ်ထားသော စက်ပစ္စည်းအစိတ်အပိုင်းများနှင့် ဘက်စုံသုံး ဒီဇယ်အင်ဂျင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှု စက်ရုံဖွင့်ပွဲ အခမ်းအနားကို နံနက် ၈နာရီ မိနစ် ၂၀တွင် အဆိုပါစက်ရုံ မုခ်ဦးရှေ့၌ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှမင်းနှင့် ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်းတို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ

အမှတ်(၂) စက်မှုဝန်ကြီး ဌာန သာဂရစက်မှုနယ်မြေရှိ ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ၌ တပ်ဆင် ထားသော စက်များကို တွေ့ရ စဉ်။

(သတင်းစဉ်)

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းတို့ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာ ထုတ်လုပ်မှု စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၉ မှ

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်က စက်ရုံဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ တိုင်းမှူးနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးတို့က ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းနှင့် အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးတို့ ရေအားလျှပ်စစ် တာဘိုင်နှင့် ဂျင်နရေတာ ထုတ်လုပ်မှုစက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်သည် စက်ရုံအတွင်းရှိ Punching Shop၊ Assembly Shop နှင့် Rivet Welding Shop တို့တွင် ခေတ်မီနည်းပညာများအသုံးပြု၍ စက်များလည်ပတ် ဆောင်ရွက်နေမှု၊ စက်ရုံမှထုတ်လုပ်ထားသည့် ရေအားလျှပ်စစ်တာဘိုင်များ၊ ဂျင်နရေတာများနှင့် စက်ပစ္စည်း အစိတ်အပိုင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှု စက်ရုံကို ၂၀၀၆ ခုနှစ် အောက်တိုဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ စီမံကိန်း စက်ရုံတည်ဆောက်မှု၊ စက်ပစ္စည်းများ တပ်ဆင်စမ်းသပ်လည်ပတ်မှုနှင့် စမ်းသပ်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာ ထုတ်လုပ်မှုစက်ရုံဖွင့်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ရောက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သာဂရစက်မှုနယ်မြေရှိ စက်ရုံဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ပြီးနောက် နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိမြို့အနီးရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းက တည်ဆောက်နေသည့် ဘိလပ်မြေစက်ရုံ (နေပြည်တော်) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်အား အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စက်ရုံယာယီရှင်းလင်းဆောင်၌ စက်ရုံစီမံကိန်း တည်ဆောက်ပြီးစီးမှု၊ လိုအပ်သောကုန်ကြမ်းအမျိုးအစားများနှင့် စက်ရုံအနီးရှိ နယ်မြေဒေသမှ ကုန်ကြမ်းရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် စက်ယန္တရားများ တပ်ဆင်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **(သတင်းစဉ်)**

ထုတ်လုပ်ဖြည့်ဆည်း

ယင်းစက်ရုံမှ 6V 128 ZC၊ 8V 128ZC နှင့် 12V 128ZC အင်ဂျင်သုံးမျိုးကို တစ်နှစ်လျှင် အလုံးရေ ၇၀၀ခန့် ထုတ်လုပ်သွားနိုင်မည်ဖြစ်ရာ ပြည်တွင်းနှင့် ကမ်းရိုးတန်းသွားရေယာဉ်များ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ မော်တော်ယာဉ်များနှင့် ယန္တရားများအတွက်လိုအပ်သော ဒီဇယ်အင်ဂျင်များကို ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာ စက်ရုံကို ၂၀၀၇ ခုနှစ် မေလတွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ စီမံကိန်းစက်ရုံ တည်ဆောက်မှု၊ စက်ပစ္စည်းများ တပ်ဆင်စမ်းသပ်လည်ပတ်မှုနှင့် စမ်းသပ်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါစက်ရုံမှ ကီလိုဝပ်၁၀၀၊ ကီလိုဝပ် ၅၀၀ နှင့် ကီလိုဝပ် ၂၀၀၀ Francis တာဘိုင်နှင့် ဂျင်နရေတာများကို တစ်နှစ်လျှင် အစုံ ၅၀ ခန့် ထုတ်လုပ်သွားနိုင်မည်ဖြစ်ရာ နိုင်ငံနှင့်အဝန်း ရေအရင်းအမြစ်ရရှိမှုအခြေအနေအရ လိုအပ်သည့် ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာများကို ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေရှိ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၃၁

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၀ရက်က ရွှေဘိုခရိုင် ရွှေဘိုမြို့ရှိ နယ်မြေခံတပ်ရင်း စက်ပစ်ကွင်း၌ ကျင်းပသည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကိုစတင်ရာ ပြိုင်ပွဲ ပွဲစဉ်များအလိုက် အမျိုးသား အမျိုးသမီး (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိသူများအား တာဝန်ရှိသူများမှ ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တိုင်းမှူးက အမျိုးသမီးဒိုင်းဆုရ ရွှေဘိုတပ်နယ် အသင်းအားလည်းကောင်း၊ အမျိုးသားဒိုင်းဆုရသော အရာတော်တပ်နယ် အသင်းအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ရာ ဆုရရှိသော အသင်းများမှ အသီးသီးလက်ခံယူကြသည်။

ချီးမြှင့်

ဆက်လက်၍ တိုင်းမှူး**(ယာပုံ)**သည် ၂၀၀၉ ခုနှစ် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော ရွှေဘိုတပ်နယ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်လိုက်သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၅ မှ

ဆုချီးမြှင့်

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ၂၀၀၈ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသည့် **"ရေနဲ့ မှုံးတဲ့ ငါးပလူနှင့် အခြားဝတ္ထုတိုများ"** စာမူဖြင့် ဝတ္ထုတို ပထမဆုရ မြေလတ် မင်းလွင်၊ **"ကမ်းမဲ့ဒီနှင့်တံငါရန့် ဝတ္ထုတိုများ"** စာမူဖြင့် ဝတ္ထုတို ဒုတိယဆုရ မောင်ခြိမ့်၊ **"မြန်မာပြည်ကို ပိုချစ်သည်နှင့် အခြားဝတ္ထုတိုများ"** စာမူဖြင့် ဝတ္ထုတို တတိယဆုရ နိုင်မျိုးသစ္စာ (နမ္မတူ)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က စာပေဗိမာန် စာမူဆုရရှိကြသည့် **"အိပ်မက်တစ်ရာ ကဗျာများ"** စာမူဖြင့် ကဗျာပေါင်းချုပ် ပထမဆုရ မောင်ဟန်တင့် (ပင်လယ်ဘူး)၊ **"ပန်းဧည့်သည် ကဗျာစု"** စာမူဖြင့် ကဗျာပေါင်းချုပ် ဒုတိယဆုရ ရန်နိုင်ဦး၊ **"အနုဋ္ဌ အလင်္ကာ ကဗျာများ"** စာမူဖြင့် ကဗျာပေါင်းချုပ် တတိယဆုရ ဇော်မျိုးဟန်(ငါးသိုင်းချောင်း)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာပေဗိမာန်စာမူဆု

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက စာပေဗိမာန် စာမူဆုရရှိကြသည့် **"မြန်မာ့နိုင်ငံ ဂုဏ်ထူးဆောင်ဘွဲ့ ဂုဏ်ထူးဆောင်တံဆိပ်များ သမိုင်း"** စာမူဖြင့် သုတပဒေသာ(ဝိဇ္ဇာ) ပထမဆုရ သန်းထွန်း(မော်လမြိုင်)၊ **"ကစ္ဆပနဒီမှ ဧည့်ဝတီ သစ္စာ"** စာမူဖြင့် သုတပဒေသာ(ဝိဇ္ဇာ) ဒုတိယဆုရ မောင်မိုးယံ၊ **"ဇာတိဂုဏ်တင့်ဝေဖြာသည့် မြစ်ဇရောကမ်းက မြို့မြန်အောင်"** စာမူဖြင့် သုတပဒေသာ (ဝိဇ္ဇာ)တတိယဆုရ ကနောင်မောင်ဆန်းသစ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရန်ကုန် စက်မှုတက္ကသိုလ် (၁၉၇၄-၈၀)မြို့ပြအင်ဂျင်နီယာ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၄-၈၀) ခုနှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာ စားပွဲကို ဇန်နဝါရီ ၁၆ရက် (စနေနေ့)တွင် M-3 စားသောက်ဆိုင် (ဗဟန်း အားကစားကွင်း အနီး)၌ ကျင်းပမည်ဖြစ်ရာ ၁၉၇၄ မှ စတင်ဝင်ရောက်၍ မည်သည့်ခုနှစ်မှဖြစ်စေ ၁၉၈၀ ပြည့်နှစ်တွင် ပြီးဆုံးသည့် မြို့ပြအင်ဂျင်နီယာများ အားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်စုံစမ်းလိုပါက ဦးဝင်းနိုင် ဖုန်း-၀၉-၅၀-၁၄၉၄၂၊ ဦးကျော်ရွှေ ဖုန်း-၀၉-၅၁-၆၉၈၉၄၊ ဒေါ်မိမိထွန်း ဖုန်း-၀၉-၅၁-၃၅၆၉၀၊ ဦးခင်မောင်ရွှေ ဖုန်း- ၀၉-၅၁-၈၉၁၇၁၊ ဦးခင်မောင်ထွန်း ဖုန်း-၀၉-၈၀-၂၅၀၃၇၊ ဦးတင်ဖြိုး ဖုန်း-၀၉-၅၀-၂၅၇၈နှင့် ဦးတင်မောင်ထွေး ဖုန်း-၀၉-၅၁-၁၂၅၆၄တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်လက်၍ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က စာပေဗိမာန်စာမူဆု ရရှိကြသည့် **"ရေအောက်ကမ္ဘာ၏ သိပ္ပံဆိုင်ရာလျှို့ဝှက်ချက်များနှင့် ရေငုပ် သူရဲကောင်းများ"** စာမူဖြင့် သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံ) ပထမဆုရ လူလေး (မြစ်ဝကျွန်းပေါ်)၊ **"ဂလိုဘယ် (Global) ဇီဝဆေးသိပ္ပံနှင့် မြန်မာ့ဆေးသုတေသန ရေစီးကြောင်း"** စာမူဖြင့် သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံ) ဒုတိယဆုရ ဒေါက်တာအေးကျော် (ဆေးသုတေသန)၊ **"သဘာဝဘေး အန္တရာယ်ဆိုးများနှင့် ဆေးပညာ၏ကဏ္ဍ"** စာမူဖြင့် သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) တတိယဆုရ ဒေါက်တာ မြင့်သန်း (ညောင်လေးပင်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာပဒေသာဆု

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က စာပေဗိမာန်စာမူဆုရရှိကြသည့် **"မြိုင်ယံလယ်ကဟတ္ထိဝင်"** စာမူဖြင့် စာပဒေသာ ပထမဆုရ သောင်းညွှန့်သစ်၊ **"အမှတ်ထင်ထင် ကနီပုံရိပ်သွင်များ"** စာမူဖြင့် စာပဒေသာ ဒုတိယဆုရ ရွှေဟသာ်(မန္တလေးတက္ကသိုလ်)၊ **"ငါးချောင်းလက်ပမာ ထုံးနှလုံးမူနှင့် ကိုယ်တွေ့ဖြစ်ရပ်များ"** စာမူဖြင့် စာပဒေသာ တတိယဆုရ မောင်စိုးထိုက်(သုံးဆယ်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက စာပေဗိမာန်စာမူဆုရရှိကြသည့် **"မြန်မာ့ရိုးရာဇာတ်သွင်းအနုပညာနှင့် သဘင်မှုလုပ်ငန်း အခေါ်အဝေါ်များ"** စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုအနုပညာ ပထမဆုရ မအေးချမ်း (မြန်မာစာ)၊ **"မြန်မာနိုင်ငံ ခေတ်အဆက်ဆက် ရှေးဟောင်းလက်နက်များ"** စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုအနုပညာ ဒုတိယဆုရ မင်းဘူး(အောင်ကြိုင်)၊ **"ပျူခေတ်နှင့် ပုဂံခေတ်မှ ဗုဒ္ဓဆင်းတုတော်ပုံသဏ္ဌာန်များ"** စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုအနုပညာ တတိယဆုရ မြင့်စံတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ကလေးစာပေဆု

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က စာပေဗိမာန်စာမူဆုရရှိကြသည့် **"အလှသစ်ချိန် ပန်းပွင့်ချိန် ကလေးကဗျာများ"** စာမူဖြင့် ကလေးစာပေ ပထမဆုရ မင်းနိုင်လေး (လမ်းမတော်)၊ **"ညီထွေးလေးတို့ ရွှေညာ ကလေးကဗျာများ"** စာမူဖြင့် ကလေးစာပေ ဒုတိယဆုရ သိပ္ပံစိုးမြင့်နိုင်၊ **"လရိပ်ညိုနှင့် ကြယ်ပျိုတစ်သင်း ကလေးဝတ္ထုတိုများ"** စာမူဖြင့် ကလေးစာပေ တတိယဆုရ စိုးတင့်ထူး (မအူပင်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

လူငယ်စာပေဆု

ထို့နောက် တရားသူကြီးချုပ် ဦးအောင်တိုးက စာပေဗိမာန် စာမူဆုရရှိကြသည့် **"ကန္တာရဆူး"** လူငယ်စာပေ ပထမဆုရ ခင်လပြည့်ဝန်း၊ "ပန်းခင်းလမ်းပေါ်က လူငယ်ခရီးသည်" စာမူဖြင့် လူငယ်စာပေ ဒုတိယဆုရ မောင်ခိုင်ခန့်၊ **"တစ်ပွင့်စီဆိုင်သည့် ပန်းတစ်ခိုင်"** စာမူဖြင့် လူငယ်စာပေ တတိယဆုရ နန္ဒာခင် (သက္ကလမြေ) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပြဇာတ်စာပေဆု

ယင်းနောက် ရှေ့နေချုပ်ဦးအေးမောင်က စာပေဗိမာန်စာမူဆု ရရှိကြသည့် **"ရွှေထီးချောင်းက မောင်းထုသံ"** စာမူဖြင့် ပြဇာတ်စာပေ ပထမဆုရ ဇင်မင်း (သမိန်ထော)၊ **"စွမ်းအားရှင်လူငယ်များ"** စာမူဖြင့် ပြဇာတ်စာပေ ဒုတိယဆုရ မောင်ဆန္ဒ (လယ်ဝေး)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ကျေးဇူးတင်စကား

ထို့နောက် စာပေဆုရရှိကြသူများ ကိုယ်စား ၂၀၀၈ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး ဒေါက်တာကျော်စိန်က ကျေးဇူးတင်စကား ပြောကြားပြီး ဆုနှင်းသဘင်အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး ဒေါက်တာကျော်စိန်နှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ၂၀၀၈ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိကြသူများနှင့် လည်းကောင်း၊ စာပေဗိမာန်စာမူဆုရရှိကြသူများနှင့် လည်းကောင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဒီဇင်ဘာ ၃၁

TV Guide အတွဲ(၁)၊ အမှတ် (၂၆)ကို ဇန်နဝါရီ ၁ရက်(သောကြာနေ့)တွင် ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။ ယင်း TV Guide တွင် Channel B ရုပ်သံလိုင်း၌ ပြသမည့် Guns N' Roses,Bon Jovi, Michael Learn To Rock အဖွဲ့များအကြောင်း၊ MTV ရုပ်သံလိုင်း၌ ပြသမည့် Hot Couple အစီအစဉ်တွင် ၂၀၀၉ ခုနှစ် အကျော်ကြားဆုံးစုံတွဲ၊ ESPN နှင့် Star Sports ရုပ်သံလိုင်းများတွင် တိုက်ရိုက်ပြသမည့် ၂၀၁၀ ခုနှစ်ကြိုဆိုသည့် FA ပွဲစဉ်များမှ ဝက်စ်ဟမ်း- အာဆင်နယ်၊ ရီဒင်း-လီဗာပူး၊ မန်ယူ-လိဒ်၊ ဆန်းဒါးလန်း-ဘာရီး၊ မစ်ဒယ်ဘရော့- မန်စီးတီး၊ ထရန်မဲယား-ဝုဗ်ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ ဩစတြေးလျနိုင်ငံတွင် ဇန်နဝါရီ ၂ရက်မှ ၉ရက်အထိ ကျင်းပမည့် တွေ့မြင်ရခဲလှသော Hyundai Hopman XXII ပြိုင်ပွဲအကြောင်း၊ ခရီးကြမ်းကားမောင်းပြိုင်ပွဲတွေကို ထုတ်လွှင့်ပြသပေးမည့် 2010 Argentina Chile Dakar Rally အစီအစဉ် အကြောင်း၊ Travel & Living ရုပ်သံလိုင်းတွင် ပြသမည့် Sydney မြို့အကြောင်း၊ တရုတ်သမိုင်းတွင် အရေးပါခဲ့သည့် ဆင်များအကြောင်း ပြသမည့် Chain's Last Elephants အစီအစဉ်၊ Net Geo Wild ရုပ်သံလိုင်းတွင် ပြသမည့် Spain's Last Lyns အစီအစဉ်၊ လင်းတအရိုးကို ပလွေပြုလုပ်ကြသည့် အတွက် ရှားပါးလာသည့် လင်းတများအကြောင်း၊ ဘီလျံနာသူဌေးကြီး Howard Hughes အကြောင်း၊ မာဖီးယားဂိုဏ်း၏ ပညတ်တော် ဆယ်ပါး၊ ထူးထူးချွန်ချွန် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမည့် ညီငယ်ညီမငယ်များသို့ အမှာစကားထုတ်လွှင့်မည့် မန္တလေး FM မှ အတုယူဖွယ် ထူးချွန်မောင်မယ် အစီအစဉ်၊ ငွေဆောင်ကမ်းခြေမှာ တကူးတက သွားရောက်ရိုက်ကူးတဲ့ Fashion Music Festival အကြောင်းများ ပါဝင်ပြီး ပါဝင်နေကျကဏ္ဍများ၊ တစ်ပတ်စာအစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ငွေကျပ် ၅၀၀နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင် ရာရောက် အစီအစဉ်ရှိနေပြီဖြစ်ကြောင်းနှင့် အပတ်စဉ် သောကြာနေ့တိုင်း စောင့်မျှော် ဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘရူနိုစိုဒရီဂွဲဇ် ပါရီးလားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

၂၀၀၉ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ရန်ကြီးအောင်ခန်းမ၌ ဒီဇင်ဘာ ၁ရက်က ကျင်းပရာ ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအုံးချိုက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာ အောင်မွန် (ခုခံ/ကာလသား)က ရှင်းလင်းပြောကြားစဉ်။

(ခရိုင် ပြန်/ဆက်)

ဇန်နဝါရီလထုတ် မြဝတီထွက်ပြီ

ရန်ကုန် ဒီဇင်ဘာ ၃၁

၂၀၁၀ခုနှစ် ဇန်နဝါရီလထုတ် မြဝတီမဂ္ဂဇင်းတွင်ကို(တက္ကသိုလ်)မြင့်ဝေ(ကသာ)၊ မြင်းမူမောင်နိုင်မိုး၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ စစ်မင်း(တောင်တွင်း)၊ အဖျောက်မြေ မောင်ဆွေမွန်၊ ကျော်လွင်ဦး(ပျဉ်းမနား) တို့၏ ကဗျာများ၊ ငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ သစ်ထွဋ်၊ ရွှေရိုးနှင့်ဟန်ထွေးနိုင် တို့၏ ကာတွန်းများ၊ ရှင်ဉာဏ(ဖျာပုံ)၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ မင်းယုဝေ၊ ဗိုလ်ကလေး တင့်အောင်၊ မောင်ခင်မင်(ဓနုဖြူ)၊ ခင်မောင်ညို(ဘောဂဗေဒ)၊ ချစ်စံဝင်း၊ ကိုခန့် (သုတေသန)၊ မောင်စူးစမ်း၊ ရဲမာန်ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ တက္ကသိုလ်ရှင်သီရိ (မေ္ဘာစရိယ၊ ဘီအေ)၊ စိုးဝင်း(မြစ်ခြေ)၊ စံ-ဇာဏီဘို၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မျိုးမြင့်အောင်၊ နိုင်ဇော်၊ သောင်းဝေဦး၊ တက္ကသိုလ်လှကြွယ်၊ သုဝဏ္ဏကျော်စိန်၊ ခိုင်လွင်ဦး (ထီးဆောင်း)တို့၏ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်သန်စေမှုရသ၊ ကျေးလက်သဘာဝ ရသများအပြင် မေတ္တာဖွဲ့ရသများပါဝင်သည့် ဝတ္ထုများကို ဖတ်ရှုကြရမည် ဖြစ်သည်။

မြဝတီမဂ္ဂဇင်းကို အမှတ် ၁၈၁၊ ၃၂လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ် ၁၅ တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၈၂၇၃သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာယာမည်

နေပြည်တော် နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

စီအိုင်အေ ဝန်ထမ်းရှစ်ဦး အာဖဂန်၌ သေဆုံး

ကဘူးလ် ဒီဇင်ဘာ ၃၁

အာဖဂန်နစ္စတန်နိုင်ငံ၌ ဒီဇင်ဘာ ၃၁ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ စီအိုင်အေအတွက် တာဝန်ထမ်းဆောင်ပေးနေသော အမေရိကန်ရှစ်ဦး သေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုသည် ၂၀၀၁ခုနှစ်နောက်ပိုင်း အမေရိကန် ထောက်လှမ်းရေးအေဂျင်စီမှ တာဝန်ရှိသူများအား ဗုံးခွဲတိုက်ခိုက်သည့် အဆိုးရွားဆုံးဗုံးခွဲတိုက်ခိုက်မှုဖြစ်သည်။ အသေခံဗုံးခွဲသမားသည် အာဖဂန်စစ်ဝတ်စုံ ဝတ်ဆင်လျက် ဖောက်ခွဲရေးပစ္စည်းများ ကိုယ်တွင်ဝှက်၍ ဝတ်ဆင်ပြီး ပါကစ္စတန်အနီးခိုးစ်ပြည်နယ်ရှိ စစ်အခြေစိုက်စခန်း တစ်ခု၌ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့တွင် ကန်ဒါဟာပြည်နယ်၌ ကနေဒါ တပ်ဖွဲ့ဝင်လေးဦးနှင့် သတင်းထောက်တစ်ဦးလည်း ယာဉ်တန်းဖြတ်သန်းသွားစဉ် ဗုံးထောင် တိုက်ခိုက်ခံရပြီး သေဆုံးခဲ့သည်။

ရာမာဒီမြို့၌ ဗုံးနှစ်လုံးပေါက်ကွဲ၍ ၂၄ဦးသေဆုံး၊ ဖြဝဒဏ်ရာရ ပြည်နယ်အုပ်ချုပ်ရေးမှူး ဒဏ်ရာပြင်းထန်

ဘဂ္ဂဒက် ဒီဇင်ဘာ ၃၁

အီရတ်နိုင်ငံ အန်ဘာပြည်နယ် ရာမာဒီမြို့တွင် ဒီဇင်ဘာ ၃၀ရက်က ဗုံးနှစ်လုံး ပေါက်ကွဲခဲ့ရာ ၂၄ ဦးသေဆုံးသွားကြောင်း၊ သေဆုံးသူအများစုမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုကြောင့် ဖြဝဒဏ်ရာရရှိရာတွင် အန်ဘာပြည်နယ် အုပ်ချုပ်ရေးမှူး ကွာရှင်မိုဟာမက်လည်း ပြင်းထန်စွာဒဏ်ရာရရှိသွားကြောင်း သတင်း၌ ဖော်ပြသည်။

ထိုဗုံးနှစ်လုံးပေါက်ကွဲမှုသည် ပထမဆုံးဗုံးမှာ ကားဗုံးဖြစ်သည်။ ဒုတိယဗုံးမှာ ဗုံးခွဲတိုက်ခိုက်သူသည် အီရတ်စစ်ဝတ်စုံဝတ်ဆင်ပြီး အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံတွင် မတ်လရွေးကောက်ပွဲအတွက် ပြင်ဆင်နေချိန်၌ အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လာလျက်ရှိကြောင်း ဘဂ္ဂဒက်သို့လာသော သတင်းထောက်များက ပြောကြားသည်။

ထိုနေ့က ဘဂ္ဂဒက်မြောက်ဘက် မိုင် ၅၀အကွာ ခါလစ်မြို့၌ လမ်းဘေး ဗုံးထောင် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံး ၁၃ဦး သေဆုံးခဲ့ကြောင်းသိရသည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။
✻ RFA, DVB - သွေးထိုးနေသည်။
✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✻ နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၀၈ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာပေပညာရှင်၊ စာပေအင်အားစုများ အမျိုးသားယဉ်ကျေးမှု စာပေအမွေကို မြတ်နိုးလေးစားတန်ဖိုးထား စာပေကို မီဒီယာစွမ်းအားသုံးပြီး ပြည်သူများ၏ အသိအမြင်၊ အတွေးအခေါ် မှန်ကန်စေရေး စည်းရုံး

နေပြည်တော် ဒီဇင်ဘာ ၃၁

၂၀၀၈ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်အမှာစကားပြောကြားပြီး ၂၀၀၈ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူ စာပေပညာရှင်များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၄ ကော်လံ ၁ ■

မြန်မာ့အလင်း
(၆၂)နှစ်မြောက်
လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

❖ လွတ်လပ်ရေးနေ့ သန္နိဋ္ဌာန်၊ မျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်
မိုးဆွေအောင် (စွမ်းအင်)၏ ဆောင်းပါး စာ - ၆၊ ၇

❖ မြန်မာဟူသည် နွယ်သာကီ
ဇော်မင်းမင်းဦး၏ ကဗျာ စာ - ၇

❖ အနှစ်သာရရှိရှိ ခံစားနိုင်ကြပြီ
ထွန်းလင်း၏ ကာတွန်း စာ - ၇